# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 14, 2020 Volume 35, Number 10


**၁၄.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၃၈/- ကျပ် |
| CBM Rate | = ၁၃၂၉.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၃.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၀၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၆.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၀၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၂.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၄၄၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

**ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ**

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၁ လနီးပါးတွင် သွင်းကုန်တင်သွင်းမှုမြင့်တက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၆ ဘီလျံကျော် ဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၆၉၀ နီးပါး ပိုမိုဖြစ်ပေါ်



လက်ရှိဘဏ္ဍာနှစ် ၁၁ လနီးပါးတွင် သွင်းကုန်တင်သွင်းမှု မြင့်တက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၆ ဘီလျံကျော် ဖြစ်ပေါ်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၆၉၀ နီးပါးပိုမိုဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်စာရင်းများအရသိရသည်။ ကုန်သွယ်မှုလိုငွေ ဆိုသည်မှာ မြန်မာနိုင်ငံမှ တင်ပို့ထားသည့် ပို့ကုန်ပမာဏထက် ပြည်ပနိုင်ငံများမှ တင်သွင်းထားသည့် သွင်းကုန်ပမာဏက ပို၍များနေခြင်းဆိုလိုသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၂၈ ရက်အထိ ၁၁ လနီးပါးတွင် ပြည်ပမှ သွင်းကုန်တင်သွင်းမှုမှာ ဒေါ်လာ ၁၇ ဒသမ ၆၀၇ ဘီလျံအထိ ရှိသည်။ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့ထားသည့် ပို့ကုန်ပမာဏမှာ ဒေါ်လာ ၁၅ ဒသမ ၉၇၆ ဘီလျံသာရှိသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မှုနှင့် သွင်းကုန်တင်သွင်းမှုကို နှိုင်းယှဉ်ကြည့်ပါက သွင်းကုန်တင်သွင်းမှုက ပို့ကုန်တင်ပို့မှုထက် ဒေါ်လာ ၁ ဒသမ ၆၃၀ ဘီလျံ ပို၍များနေကြောင်း ထုတ်ပြန်ထားသည့်စာရင်းများအရ သိရသည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ၁၁ လနီးပါးတွင် သွင်းကုန်တင်သွင်းမှုမြင့်တက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေမှာလည်း ဒေါ်လာ ၁ ဒသမ ၆၃၀ ဘီလျံ ဖြစ်ပေါ်ခဲ့သည်။ ယခင်နှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေမှာ ဒေါ်လာ ၉၄၁ ဒသမ ၆၁၁ သန်းသာ ဖြစ်ပေါ်ခဲ့သည့်အတွက် လက်ရှိဘဏ္ဍာနှစ် ၁၁ လနီးပါးတွင် ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှုလိုငွေသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၆၈၉ ဒသမ ၃၂ သန်း ပိုမိုဖြစ်ပေါ်ခဲ့သည်။

အဆိုပါကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၄၈၀ ခန့်သာ ပိုမိုတင်ပို့ထားနိုင်သော်လည်း သွင်းကုန်တင်သွင်းမှုမှာ ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၁၆ ဘီလျံအထိ ပိုမိုတင်သွင်းထားကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မှု မြင့်တက်လာစေရန် ပို့ကုန်မဟာဗျူဟာ ရေးဆွဲကာ အကောင်အထည်ဖော်နေသကဲ့သို့ တခြားတဖက်တွင်လည်း ပြည်တွင်းလိုအပ်ချက်များကြောင့် ပြည်ပမှ မဖြစ်မနေတင်သွင်းရသည့် ကုန်စည်များကိုလည်းလျှော့ချ၍ မရနိုင်သေးသောကြောင့် ကုန်သွယ်မှုလိုငွေ လျှော့ကျလာအောင် ဆောင်ရွက်နေသော်လည်း လက်တွေ့တွင် အနည်းငယ်အခက်အခဲများရှိနေသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆိုသည်။ "တကယ်လက်တွေ့လုပ်တဲ့အခါကျတော့ ကိုယ်ပြည်တွင်းလည်း စားသုံးမှုအားကောင်းလာတယ်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း အထူးသဖြင့် အသေးစား၊ အလတ်စား လုပ်ငန်းတွေမှာ ကုန်ကြမ်းလိုအပ်တော့။ ဥပမာမွေးမြူရေးက တက်လာတယ်။ ကြက်စာအရမ်းတင်သွင်းဖြစ်တယ်။ ပဲပိစပ်ကြိတ်ဖက်ဆိုရင် ဟိုတုန်းက တန်ချိန်နှစ်သောင်းလောက် တစ်နှစ်ကိုအခုဆိုတန်ချိန် ငါးသောင်းအထိ သွင်းလာတဲ့အခါကျတော့ ခွင့်ပြုရတာပဲ။ ဒါမှလဲ ဒီဘက်ကလုပ်ငန်းတွေက တိုးတက်မှာဒါတွေကလျှော့လို့မရဘူးလေ။ တချို့ကလည်း ခရီးသွားတက်လာတဲ့အခါမှာ ဒီမှာမထုတ်နိုင်တဲ့ ဝက်အူချောင်းတို့ အကောင်းစားငါးတွေ တင်သွင်းရတာရှိတယ်။ စားအုန်းဆီကလည်း လျှော့မပေးနိုင်ဘူး။ ဒီဇယ်မှာလည်း လျှော့လို့မရဘူး။ ဆေးဝါးကလည်းလျှော့လို့မရဘူးဆိုတော့ အလှကုန်ပစ္စည်းကလည်း လျှော့လို့မရဘူး" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေပမာဏ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိလျှော့ချရန် မျှော်မှန်းခဲ့သည်။ သို့သော် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံကျော် ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလျံရရှိရန် ခန့်မှန်းထားပြီး ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၁၈ ဘီလျံအထိ တင်ပို့နိုင်ရန် ခန့်မှန်းထားသည်။

**Source:** https://news-eleven.com/article/191922

## COVID-19 ကူးစက်မှုတိုးလာချိန် ရန်ကုန်အိမ်ခြံမြေဈေးကွက် ရပ်တန့်လုနီးပါးဖြစ်လာဟုဆို



COVID-19 ကပ်ရောဂါကူးစက်ပျံ့နှံ့မှု တိုးလာချိန်တွင် ရန်ကုန်အိမ်ခြံမြေဈေးကွက်၌ ရောင်း၊ ဝယ်၊ ငှား လုပ်ငန်းများ ရပ်တန့်လုနီးပါးဖြစ်လာကြောင်း အိမ်ခြံမြေ အကျိုးဆောင်အချို့က ပြောသည်။ ကပ်ရောဂါအခြေအနေအရ ရပ်ကွက်၊ မြို့နယ်များတွင် အ သွားအလာကန့်သတ်မှုများကြောင့် အိမ်ငှားဈေးကွက် လုံးဝရပ်တန့်နေပြီး အရောင်းအဝယ် ဈေးကွက်မှာ ၉၀ ရာခိုင်နှုန်းကျော် လုပ်ငန်းရပ်ဆိုင်းထားရသည်ဟု ၎င်းတို့ကပြောသည်။

ရပ်ကွက်များအတွင်း လူစိမ်းဝင်ရန်၊ အိမ်ပြောင်းရွှေ့ရန် များစွာခက်ခဲခြင်းက အိမ်ငှားဈေးကွက် ရပ်ဆိုင်းရခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဒုတိယဥက္ကဋ္ဌ ဦးသန်းဦးကပြောသည်။

အရောင်းအဝယ်ဈေးကွက်တွင်လည်း တရားဝင်လုပ်ငန်းများဆောင်ရွက်ရန် အစိုးရဌာနများက လုပ်ငန်းစဉ်များ ခေတ္တဆိုင်းငံ့ထားခြင်းကြောင့် လုပ်ငန်းလုပ်ကိုင်မရကြောင်း ၎င်းကဆိုသည်။ ရန်ကုန်မြို့တော်စည်ပင်၏ မြေနှင့်သက်ဆိုင်သောဌာန၊ စာချုပ်စာတမ်းမှတ်ပုံတင်ဆောင်ရွက်ရမည့် မှတ်ပုံတင်ရုံးများက လုပ်ငန်းများခေတ္တရပ်ဆိုင်းထားသည်ဟု ဦးသန်းဦးက ပြောသည်။ "အိမ်ခြံမြေနဲ့ ပတ်သက်ပြီး တရားဝင်လုပ်ကိုင်စရာက အခုလောလောဆယ်မှာ ဘာမှမရှိသလိုဖြစ်နေပြီ" ဟု ၎င်းကပြောသည်။ ထို့ကြောင့် ပုဂ္ဂလိကရောင်း ဝယ်သူများအကြား တယ်လီဖုန်း ဖြင့် ဈေးဆိုင်ခြင်း၊ Viber၊ Mes-senger များမှ ပုံများပေးပို့၍ ညှိနှိုင်းခြင်း၊ ဝယ်လိုသူနှင့် ရောင်း လိုသူ၏ စိတ်ဆန္ဒပေါ်မူတည်ပြီး ညှိနှိုင်းခြင်း၊ အနည်းငယ် စရန်ချခြင်းစသည့်

လုပ်ငန်းအနည်းငယ်သာရှိကြောင်း အိမ်ခြံမြေအကျိုး ဆောင်အချို့ကပြောသည်။ ရန်ကုန်အိမ်ခြံမြေဈေးကွက်၏ လက်ရှိအခြေအနေက ကပ်ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေကို ထိန်းသိမ်းနိုင်မှုအပေါ်တည်နေကြောင်း စိုင်းခွန်းနောင် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦး စိုင်းခွန်နောင်က ပြောသည်။

လက်ရှိအချိန်တွင် လုပ်ငန်းလုပ်ကိုင်ရန်ခက်ခဲသော်လည်း ကပ်ရောဂါကူးစက်ပျံ့နှံ့မှုလျော့နည်းလျှင် ဈေးကွက်ပြန်ကောင်းလာမည်ဟု ၎င်းကဆိုသည်။ တစ်နိုင်ငံလုံးတွင် စက်တင်ဘာ ၁၃ ရက် နံနက်အထိ COVID-19 အတည်ပြုလူနာပေါင်း ၂,၇၉၆ ဦးရှိပြီး ရန်ကုန်တိုင်းမှ ၁,၃၉၉ ဦး ပါဝင်သည်။

**Source:** https://7day.news/detail?id=199000

## ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်း ပြန်လည်ကျဆင်းလာပြီး တစ်ပတ်အတွင်း အနိမ့်ဆုံးနှုန်း ၁၃၄၁ ကျပ်ဝန်းကျင်၊ အမြင့်ဆုံးနှုန်း ၁၃၅၂ ကျပ်ဝန်းကျင်ဖြစ်ပေါ်



ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲနှုန်း ပြန်လည်ကျဆင်းလာပြီး စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း အနိမ့်ဆုံးနှုန်း ၁၃၄၁ ကျပ်ဝန်းကျင်၊ အမြင့်ဆုံးနှုန်း ၁၃၅၂ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံခြားငွေကြေးရောင်းဝယ်သူများထံမှ သိရသည်။

ယခုရက်သတ္တပတ်အတွင်း စက်တင်ဘာ ၅ ရက်တွင် နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ၁၃၅၂ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့သော်လည်း စက်တင်ဘာ ၁၁ ရက်တွင် တစ်ဒေါ်လာ ၁၃၄၁ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့် ခြောက်လအတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ဒေါ်လာဈေးအညွှန်းကိန်းများမှာ မတ်တွင် ၁၀၃ ဒသမ ၆၆ ပွိုင့်၊ ဧပြီတွင် ၁၀၀ ဒသမ ၉၂၇ ပွိုင့်၊ မေတွင် ၁၀၀ ဒသမ ၅၃၀ ပွိုင့်၊ ဇွန်တွင် ၉၈ ဒသမ ၀၄၀ ပွိုင့်၊ ဇူလိုင်တွင် ၉၇ ဒသမ ၃၀၈ ပွိုင့်၊ ဩဂုတ်တွင် ၉၃ ဒသမ ၈၉၈ ပွိုင့်ဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း ၂၀၁၈ ခုနှစ် ဇွန်လမှ စတင်ကာ သိသိသာသာ မြင့်တက်ခဲ့ရာ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် တစ်ဒေါ်လာ ၁၄၃၈ ကျပ်စံချိန်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျပ် ၁၄၄၀ ဖြင့်ချိုးခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် ကျပ် ၁၅၇၀ ဖြင့် စံချိန်တင်ထားကာ စက်တင်ဘာ ၁၈ ရက်တွင် ၁၅၈၅ ကျပ်၊ စက်တင်ဘာ ၁၉ ရက်တွင် ၁၆၂၂ ကျပ်၊ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ ဖြင့် အမြင့်ဆုံးစံချိန် ထပ်တင်ခဲ့သည်။ ဒေါ်လာဈေးသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျပ် ၁၄၈၀ အထိ ကျဆင်းခဲ့သော်လည်း တစ်လအတွင်း ဆက်တိုက်မြင့်တက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၆၅၀ အထိ အမြင့်ဆုံးစံချိန် တင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၁၅၁၅ ကျပ်အထိ ပြန်ကျခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၁၅၉၀၊ အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၁၆၀၀ အထိ ပြန်လည်မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၅၁၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်တွင် ၁၅၇၇ ကျပ်အထိ ပြန်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျပ် ၁၅၄၀၊ ဇန်နဝါရီ ၁၅ ရက်တွင် ၁၅၁၅ ကျပ်အထိ၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၁၅၀၃ ကျပ်အထိ ကျဆင်းခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၅၂၇ ကျပ်အထိ မေ ၁၄ ရက်တွင် ၁၅၃၈ ကျပ်အထိ ပြန်တက်ခဲ့ပြီး ဇွန် ၁ ရက်တွင် ၁၅၂၉ ကျပ်ဝန်းကျင် ရှိခဲ့သည်။ ဩဂုတ် ၂၆ ရက်တွင် ၁၅၁၄ ကျပ်ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၆ ရက်တွင် ၁၅၆၅ ကျပ်အထိ မြင့်တက်ခဲ့ကာ ဒီဇင်ဘာ ၂၅ ရက်မှစတင်ကာ တစ်ဒေါ်လာ ကျပ် ၁၅၀၀ အောက်၊ ၂၀၂၀ ပြည့်နှစ် မတ် ၅ ရက်မှစ၍ ကျပ် ၁၄၀၀ အောက် ကျဆင်းခဲ့သည်။ မတ် ၁၀ ရက်တွင် တစ်ဒေါ်လာ ကျပ် ၁၃၂၀ အထိ ကျဆင်းခဲ့ပြီး မတ် ၁၂ ရက်တွင် ၁၄၂၀၊ မတ် ၁၇ ရက်တွင် ၁၄၄၅ အထိ ပြန်တက်ခဲ့ကာ ဧပြီလတွင် ၁၄၄၀ ကျပ်၊ မေလတွင် ၁၄၂၆ ကျပ်အထိ လတစ်လအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်၌ တစ်နှစ်အတွင်း လအလိုက်ဖြစ်ပေါ်သော နိုင်ငံခြား ငွေလဲနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများမှာ ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ၁၅၂၇-၁၅၆၅ ကျပ်၊ အောက်တိုဘာတွင် ၁၅၂၈-၁၅၃၇ ကျပ်၊ နိုဝင်ဘာတွင် ၁၅၁၀-၁၅၂၄ ကျပ်၊

ဒီဇင်ဘာတွင် ၁၄၈၅-၁၅၁၃ ကျပ်၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၁၄၆၅-၁၄၉၃ ကျပ်၊ ဖေဖော်ဝါရီတွင် ၁၄၃၆ -၁၄၆၅ ကျပ်၊ မတ်တွင် ၁၃၂၀-၁၄၄၅ ကျပ်၊ ဧပြီတွင် ၁၃၉၅-၁၄၄၀ ကျပ်၊ မေတွင် ၁၄၀၆ -၁၄၂၆ ကျပ်၊ ဇွန်တွင် ၁၄၁၂ -၁၃၈၅ ကျပ်၊ ဇူလိုင်တွင် ၁၃၆၇-၁၄၁၃ ကျပ်၊ ဩဂုတ်တွင် ၁၃၄၂- ၁၃၉၂ ကျပ်တို့ဖြစ်သည်။

ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၁ ရက်တွင် ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၁၅၆၅ ကျပ်၊ စင်ကာပူဒေါ်လာ ၉၇၀ ကျပ်၊ မလေးရှားရင်းဂစ် ၃၁၃ ကျပ်၊ ထိုင်းဘတ် ၄၂ ဒသမ ၂ ကျပ်၊ တရုတ်ယွမ် ၁၉၄ ကျပ်၊ ဂျပန်ယန်း ၁၂ ဒသမ ၄ ကျပ်ဖြစ်သည်။

**Source:** https://news-eleven.com/article/192078

## စားသောက်ကုန်၊ဆေးဝါးနှင့်ကျန်းမာရေးသုံးပစ္စည်းများ ဈေးမြှင့်တင်ရောင်းချနေမှုမဖြစ်ရေး စစ်ဆေးရန်ညွှန်ကြား

အခြေခံစားသောက်ကုန်၊ ဆေးဝါးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ဈေးမြှင့်တင်ရောင်းချမှုများကို စစ်ဆေးရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ညွှန်ကြားသည်။ COVID-19 ရောဂါကူးစက်မှုနှုန်း မြင့်မားလာမှုကြောင့် လူအဝင်၊ အထွက်ကန့်သတ်ခြင်းကိစ္စရပ်များနှင့် အခြားကန့်သတ်တားဆီးမှုများရှိလာခြင်းကြောင့် ကုန်ပစ္စည်းပြတ်လပ်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်လာနိုင်ကာယင်းအတွက် စားသုံးသူရေးရာဦးစီးဌာနက ဖြစ်သင့်သည့်ဈေးထက် မြှင့်တင်ရောင်းချမှုကို စစ်ဆေးဆောင်ရွက်ရန် စက်တင်ဘာ ၁၂ ရက်က ပြုလုပ်သည့်ဌာနတွင်း အွန်လိုင်းဆွေးနွေးပွဲ၌ ၎င်းက ပြောကြားသည်။

စစ်ဆေးဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် ဒေါက်တာသန်းမြင့်ကဆိုသည်။ စက်တင်ဘာ ၁၂ ရက် အွန်လိုင်းဆွေးနွေးပွဲတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် သက်သာစေရေးလုပ်ငန်းများ၊ အရေးပေါ်ရိက္ခာ ဆန်၊ ဆီသိုလှောင်ထားမှု၊ ပြည်တွင်းကုန်သွယ်မှုအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များအပါအဝင် COVID-19 အလွန်တွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း စားသုံးသူရေးရာ ဦးစီးဌာနက ထုတ်ပြန်သည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုကာလအတွင်း ရောဂါကာကွယ်ရေးအတွက် လိုအပ်သောပစ္စည်းများ ရောင်းချခြင်းအတွက် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အရေးကြီးအသုံးများသည့် နှာခေါင်းစည်းများကို ဈေးနှုန်းမြှင့်တင်မရောင်းရန်နှင့် ပစ္စည်းပြတ် ပ်မှုမရှိရေး စီမံရန် ပြီးခဲ့သည့်ရက်ပိုင်းတွင် အစိုးရက အသိပေးသည်။ ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာမှုမရှိလျှင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ဖြင့် အရေးယူမည်ဟုသတိပေးသည်။

အခြေခံစားသောက်ကုန်များနှင့်ဆက်စပ်၍ အလုံအလောက်ရှိပြီး စားသုံးသူများအနေဖြင့် စိုးရိမ်လွန်ကဲခြင်းဖြင့် စုဆောင်းမှု မလုပ်ရန် သက်ဆိုင်ရာ စီးပွားရေးအသင်းအဖွဲ့များက တိုက်တွန်းထားသည်။ “ဆန်၊ ဆီ၊ စားလိုရိက္ခာတွေကတော့ ပုံမှန်ဈေးအတိုင်းပဲရှိတယ်။ နှာခေါင်းစည်းကတော့ ပြီးခဲ့တဲ့နှစ်ပတ်က အခု ၅၀ ပါတစ်ဘူးကို ၂,၅၀၀ ပေးရတယ်။ အခု ဒီတစ်ပတ် တခြားနေရာမှာဝယ်ဖြစ်တော့ ၁,၇၀၀ ပဲရှိတယ်။ ဈေးတွေ ကျတယ်ထင်တယ်”ဟု ကမာရွတ်မြို့နယ်နေ မမြတ်သီတာဝင်းက ပြောသည်။

**Source:** https://7day.news/detail?id=198998

## တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၉၀၀၀ ဝန်းကျင်သာ အတက်အကျရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ်၁၃၀၈၀၀၀၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၁၇၀၀၀ ဖြစ်ပေါ်

တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၉၀၀၀ ဝန်းကျင်သာ အတက်အကျရှိခဲ့ပြီး အနိမ့်ဆုံးနှုန်း ကျပ် ၁၃၀၈၀၀၀ (စက်တင် ဘာ ၅ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၃၁၇၀၀၀ (စက်တင်ဘာ ၁၀ ရက်) အထိ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများ ထံမှသိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခု နှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက် တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက် တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင်

ကျပ် ၁၀၆၃၀၀၀ အထိဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိမြင့်တက်ခဲ့သည်။ ဩဂုတ် လအတွင်းတွင်လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၄ ရက်တွင် ကျပ် ၁၂၈၂၀၀၀၊ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀ အထိ စံချိန်သစ်များ တင်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ၁၁ လအကြာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၅ ရက်တွင် ကျပ် ၁၃၁၈၀၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀ ဖြင့် ယခင်စံချိန်များကို ကျော်လွန်၍ စံချိန်သစ် ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်မှစ၍၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တို ဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၄၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၀ ပြည့်နှစ် ဩ ဂုတ် ၆ ရက်တွင် ကျပ် ၁၃၃၄၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း လအ လိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရွှေဈေး နှုန်းများမှာ ၂၀၂၀ ပြည့်နှစ် မတ်တွင် ကျပ် ၁၁၃၆၀၀၀- ၁၂၂၅၀၀၀၊ ဧပြီတွင် ကျပ် ၁၁၄၅၀၀၀-၁၁၉၄၀၀၀၊ မေတွင် ကျပ် ၁၁၆၉၅၀၀- ၁၂၃၆၀၀၀၊ ဇွန်တွင် ကျပ် ၁၂၀၇၅၀၀-၁၂၂၀၀၀၀၊ ဇူလိုင်တွင် ကျပ် ၁၂၁၆၀၀၀-၁၃၀၂၀၀၀၊ ဩဂုတ်တွင် ကျပ် ၁၂၇၅၀၀၀-၁၃၃၅၅၀၀ ဖြစ်ကြောင်း သိရ သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ၁၄၈၃-၁၅၅၂ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၄၇၂- ၁၅၁၂ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၄၅၅- ၁၅၁၃ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၄၅၆- ၁၅၁၄ ဒေါ် လာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ၁၅၂၈-၁၅၈၉ ဒေါ် လာ၊ ဖေဖော်ဝါရီတွင် ၁၅၄၉-၁၆၅၉ ဒေါ်လာ၊ မတ်တွင် ၁၄၆၇-၁၆၇၃ ဒေါ်လာ၊ ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉-၂၀၇၅ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက် ဒေါ်လာ ၄၀ ဝန်းကျင်မှ ဒေါ်လာ ၂၀၀ ကျော်အထိရှိခဲ့ သည်။

**Source:** https://news-eleven.com/article/192110

## ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် ယခုလ ၂၀ ရက်စတင်မည်

ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်အစီအစဉ်ကို စက်တင်ဘာ ၂၀ရက်တွင် စတင်မည်ဟု ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းကပြောသည်။ အာဆီယံကုန်သွယ်ရေး သဘောတူစာချုပ်တွင် ပြန်လည် ပြင်ဆင်ထားသည့် ပင်ရင်းနိုင်ငံစည်းမျဉ်း လုပ်ထုံးလုပ်နည်းအရ ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်အစီအစဉ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စတင်အကောင်အထည်ဖော်ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။ ''ထုတ်လုပ်တင်ပို့တဲ့သူတွေက ကိုယ့်ပစ္စည်းကို တိုက်ရိုက် ကြေညာလို့ရမယ်။ နောက်ဒီလိုစနစ်အတွက် ထုတ်လုပ်တဲ့ ပစ္စည်းကို တာဝန်ယူရမှာဖြစ်တယ်''ဟု ဦးမင်းမင်းကပြောသည်။

၁၉၉၂ ခုနှစ်ကစ၍ အာဆီယံဒေသတွင်း ကုန်စည်ပို့ဆောင်မှုတွင်သက်ဆိုင်ရာနိုင်ငံ အာဏာပိုင်များ၏ ထောက်ခံ ကြေညာသည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့မှုကို နိုင်ငံအလိုက် ဆွေးနွေးပြီး နောက် ယခုအစီအစဉ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အတည်ပြုပို့ကုန်တင်ပို့ခွင့် လက်မှတ်ရရှိပြီးသော ပို့ကုန်လုပ်ငန်းရှင်သည် လျှောက်ထားစဉ်က တင်ပြခဲ့သော ကုန်စည်စာရင်းမှ အပ ကျန်ကုန်စည်များကို ပင်ရင်းထုတ်ကုန်အဖြစ် ကြေညာခွင့် ရရှိမည်မဟုတ်ပေ။

ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာချက်ကို ကုန်ရောင်းပြေစာပေါ်တွင်ပြုလုပ်၍ ရောင်းချမည့်နိုင်ငံ၏ ကုန်စည်တင်သွင်းချိန်၌ တင်ပြရမည်ဖြစ်သည်။ တင်ပို့ချိန် ကုန်ရောင်းပြေစာပေါ်တွင် ပင်ရင်းထုတ်လုပ်မှု မတင်ပြနိုင်ပါက ငွေတောင်းခံလွှာ (သို့မဟုတ်) ထုပ်ပိုးစာရင်းတွင် ဖော်ပြရမည်ဟု သတ်မှတ်သည်။

ကြေညာချက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို အနည်းဆုံးသုံးနှစ်အထိ လက်ဝယ်ထားရှိရမည်ဖြစ်ကာ ကုန်ပစ္စည်းလက်ခံရရှိသည့် နိုင်ငံကမေးမြန်းမှု၊ ပင်ရင်းထုတ်ကုန် ဟုတ်၊ မဟုတ် စိစစ်ခြင်းနှင့် နောက်ကြောင်းပြန်စစ်ဆေးခြင်းအတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းရမည်ဟု ကုန်သွယ်ရေးဦးစီးဌာနကအသိပေးသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အာဆီယံဒေသတွင်းသို့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်၊ သစ်တောထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်နှင့် စက်မှုကုန်ကြမ်းများတင်ပို့နေသည်။

**Source:** https://7day.news/detail?id=198999

## ပြည်ပမှ Mask အခုရေ ၁၉ သိန်းတင်သွင်း၍ နေပြည်တော်နှင့် ရန်ကုန်ဈေးကွက်တို့သို့ အဓိကထားဖြန့်ဖြူးရန်စီစဉ်



ပြည်တွင်း၌ Mask အသုံးပြုမှုများလာသဖြင့် ဈေးနှုန်းမြင့်တက်မှုမရှိစေရန် ပြည်ပမှ Mask အခုရေ ၁၉ သိန်း တင်သွင်း၍ နေပြည်တော်နှင့် ရန်ကုန်ဈေးကွက်တို့သို့ အဓိကထားဖြန့်ဖြူးရန် စီစဉ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ "Mask ကို အဆမတန်ဈေးမြှင့်တင်ရောင်းချမှုမရှိအောင်နဲ့ ဌာနကနေ သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးနိုင်အောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဖွဲ့စည်းထားတဲ့ ကော်မတီတစ်ခုနဲ့ပူးပေါင်းပြီး တရုတ်နိုင်ငံက ကျန်းမာရေးထောက်ခံချက်ရရှိထားတဲ့ Mask တွေကိုတင်သွင်းပြီး ဖြန့်ဖြူးဖို့စီစဉ်ထားပါတယ်။

အဓိကအားဖြင့် နေပြည်တော်နဲ့ရန်ကုန် ဈေးကွက်တွေကိုဖြန့်ဖြူးဖို့ လျာထားပါတယ်။ ဝယ်ယူချင်တဲ့သူတွေအနေနဲ့လည်း ဆက်သွယ်ဖို့ ဖိတ်ခေါ်ထားပါတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မတ်လက Mask အခုရေ ၅၀ ပါတစ်ဘူးလျှင် ငွေကျပ် ၂၅၀၀၀ ခန့် ဈေးမြှင့်တင်ရောင်းချသည့်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆေးဝါး၊ အစားအစာအသုံးအဆောင်ပစ္စည်းများကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်ကာ ဈေးမြှင့်တင်ရောင်းချရန်ရည်ရွယ်၍ သိုလှောင်ခြင်း၊ ရောင်းချခြင်းများအတွက် အရေးယူရန်ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် ဈေးနှုန်းပြန်လည်ကျဆင်းလာပြီး ဩဂုတ်လအတွင်း COVID-19 ရောဂါလူနာများ ပြန်လည်တွေ့ရှိပြီးနောက် Mask ဈေးနှုန်းများ ပြန်လည်မြင့်တက်လာကာ ရန်ကုန်မြို့စွန်ရှိ တချို့အရောင်းဆိုင်များ၌ Mask အခုရေ ၅၀ ပါတစ်ဘူး လျှင်ငွေကျပ် ၇၀၀၀ ခန့်ဖြင့် ရောင်းချနေသည့်အတွက် ကြပ်မတ်ထိန်းသိမ်းမှုများ လုပ်ဆောင်ခဲ့ရသည်။

"ရန်ကုန်မှာ အခု အဖွဲ့ငါးဖွဲ့ခွဲပြီး Mask ရောင်းချတဲ့ဆိုင်တွေကို စစ်ဆေးနေပါတယ်။ ဆိုင် ၅၀ လောက်ကို Mask ဈေးအဆမတန်မြှင့်တင်မရောင်းချဖို့ သတိပေးတာတွေလုပ်ခဲ့တယ်။ အဲဒီလိုစစ်ဆေးပြီးတဲ့အချိန်မှာ Mask ဈေးကျသွားတယ်။ ဈေးနှုန်းကို ပြန်လည်ထိန်းချုပ်နိုင် ခဲ့တယ်။ ဌာနအနေနဲ့ Mask တွေကို ဈေးသက်သက်သာသာနဲ့ ရောင်းပေးနိုင်ဖို့လုပ်နေတယ်။ ဝယ်မယ့်သူတွေအနေနဲ့ စာရင်းပေးဖို့ စာရင်းကောက်ယူတာတွေ လုပ်နေတယ်"ဟု ၎င်းက ပြောသည်။

**Source:** https://www.myawady.net.mm/node/1761

## ပဲပုပ်၊ ပြောင်းဖူး၊ ကော်ဖီ၊ ဆန် စသော ဘရာဇီးလ်သီးနှံဈေးများ စံချိန်တင်မြင့်တက်



ဘရာဇီးလ်သီးနှံ အဝယ်လိုက်ခြင်းနှင့် ဘရာဇီးလ်ငွေဈေး အားပျော့မှုအရ ပြည်တွင်းသီးနှံဈေး တက်လာခြင်းတို့ကြောင့် ပဲပုပ်၊ပြောင်း၊ ကော်ဖီ၊ ဆန်စသော ဘရာဇီးလ် လယ်ယာကုန်စည် ဈေးများ စံချိန်တင်မြင့်တက်ခဲ့သည်ဟု ဆော်ပေါ်လိုတက္ကသိုလ်နှင့် ဆက်နွယ်သော Cepea သုတေသနအဖွဲ့၏ စာရင်းများအရသိရ သည်။

တရုတ်နိုင်ငံသည် ဘရာဇီးလ်ပဲပုပ်ပမာဏများစွာ ဆက်တိုက် ဝယ်ယူနေသဖြင့် ဘရာဇီးလ်ပဲပုပ်ဈေးမှာ ယခင်နှစ်အလားတူ ကာလနှင့် ကိန်းဂဏန်းနှိုင်းယှဉ်ချက်အရ ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း Cepea အဖွဲ့ကထုတ်ပြန်သည်။ တနင်္လာ နေ့က ဖြစ်ပေါ်သော ဘရာဇီးလ်ပဲပုပ်ဈေးသည် ကီလို၆၀ တစ်အိတ်လျှင် ၁၃၇ ဒသမ ၇၅ ရီယယ်အထိ ရောက်ရှိခဲ့ရာ ၂၀၁၂ ခုနှစ်၏ စံချိန်တင်နှုန်း ၁၃၉ ရီယယ်ကို လိုက်မီရန် ၂ရီယယ်သာလိုသည့် အနေအထား ရောက်လာခဲ့သည်။ ကော်ဖီတွင်လည်း အာရေဗီယာအမျိုးအစား၏ ဈေးနှုန်းမြင့်တက်မှုမှာ ၁၂လအတွင်း ၄၅ ရာခိုင်နှုန်းရှိကြောင်း စာရင်းများအရသိရသည်။ ဘရာဇီးလ် ကော်ဖီအထွက် စံချိန်တင်ခဲ့သည့်တိုင် ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘရာဇီးလ်တောင်သူများက ပြောင်းတန်ချိန် သန်း ၁၀၀ ကျော် ရိတ်သိမ်းနိုင်ခဲ့သည့်ကြားမှ ပြောင်းဈေးမှာလည်း ၁၂ လအတွင်း ၆၅ ရာခိုင်နှုန်း မြင့်တက်ကာ ကီလို ၆၀ တစ်အိတ်လျှင် ရီယယ် ၆၀ အထိ စံချိန်တင်ရောက်ရှိခဲ့ကြောင်း Cepea ကထုတ်ပြန်သည်။ “ဒီနှစ်မှာ ဝယ်လိုအားအံ့သြလောက်အောင် မြင့်တက်မှုကနေ ဈေးနှုန်းအားလုံး စံချိန်တင်ခဲ့တာပါ”ဟု Cepeaအဖွဲ့မှ တာဝန်ရှိသူ Lucilio Alves ကပြောသည်။ ဘရာဇီးလ်ဆန်ဈေးသည်လည်း ၁၂ လအတွင်း ၁၀၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း Cepea ၏ စာရင်းများအရသိရသည်။

**Source: http://htwettoe.com/article-details/news/10075286**

## တောင်ကြီးမြို့နယ်မှထွက်ရှိသည့် ကြက်သွန်နီများ ဝယ်လိုအားမရှိသဖြင့် တောင်သူများအခက်တွေ့



. COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း တောင်ကြီး မြို့နယ်အတွင်းမှ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီများ ဝယ်ယူသူမရှိသည့် အပြင် ဈေးနှုန်းလျော့ကျလာသည့်အတွက် ဈေးကွက်ပျောက်သည့် အနေအထား မျိုးနှင့်ကြုံတွေ့နေရပြီး တောင်သူများ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ "မနှစ်ကဒီအချိန် ကြက်သွန်နီတစ်ပိဿာကို ၃၀၀၀ ပေါက်ဈေးရှိတယ်။ အခုနှစ်တော့ တစ်ပိဿာကို ၃၅၀ နဲ့ ၄၀၀ လောက်ပဲ ရှိတော့တယ်။ ဒီနှစ်က ပိုအထွက်တိုးတယ်။ ဒါပေမဲ့ COVID-19 ရောဂါ ဖြစ်နေတဲ့အချိန်ဆိုတော့ ပြည်တွင်းရော ပြည်ပရော ဈေးကွက်ထဲမှာ ကြက်သွန် အဝယ်မလိုက်ဘူး။ ဈေးကလည်းကျ၊ အဝယ်ကုန်သည်လည်းမရှိ၊ စားသုံးသူပဲအဝယ်ရှိတော့ ဈေးကွက်ပျောက်တဲ့ အခြေနေရောက်ပြီ။ ကြက်သွန်အဓိကစိုက်တဲ့ တောင်သူတွေအကုန် စီးပွားရေးအခက်ခဲတွေဖြစ်ကုန်တာပါ” ဟု တောင်ကြီး မြို့နယ်၊ ဘန့်ကွေးကျေးရွာအုပ်စု၊ ကုန်းညွန့်ကျေးရွာနေ ကြက်သွန်နီကုန်သည် ကိုသက်ဖြိုးက ကမ္ဘောဇတိုင်းသို့ပြောသည်။

. တောင်ကြီးမြို့နယ် ဒေသထွက်ကုန်ဖြစ်သည့် ကြက်သွန်နီများကို ပြည်တွင်း ဈေးကွက်အပြင် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့်ထိုင်းအစရှိသည့် ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။."ခါတိုင်းနှစ်တွေ မှာလည်း ဈေးနှုန်းအတက်အကျတွေ၊ အထွက်မကောင်းတာတွေ၊ သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ခင်းပျက်တာတွေ ကြုံဖူးတယ်။ အခုနှစ်လို ဈေးကွက်ပျောက်တဲ့အနေထားမျိုးမဖြစ်ဖူးဘူး။ ကျွန်တော်တို့ ကြက်သွန်နီစိုက်တဲ့ တောင်သူတွေက

ပြည်တွင်းစားသုံးသူတွေကို အဓိကအားထားရောင်းပြီး မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေရတာ။ ကုန်သည်တွေက တစ်ခါတစ်လေ ဈေးနှိမ်တယ်။ သူတို့ကနေတစ်ဆင့် ပြည်တွင်း/ ပြည်ပဈေးကွက်ထဲရောက်တာ။ အခုလို ကပ်ရောဂါဖြစ်ပြီး ပြည်တွင်းပြည်ပ ဝယ်ယူသူမရှိတဲ့အချိန်မှာ ဈေးကတအားထိုးကျသွားတော့ တောင်သူတွေကပိုပြီး နစ်နာဆုံးရှုံးနေရတယ်"ဟု ကြက်သွန်နီစိုက် တောင်သူတစ်ဦးကလည်း ပြောဆိုခဲ့သည်။

ကြက်သွန်စိုက်တောင်သူများအနေဖြင့် ကြက်သွန်နီစိုက်ပျိုးရာတွင် ကုန်ကျစရိတ်မှာ တစ်ပိဿာလျှင် ၃၀၀ ကျပ်မှ ၃၅၀ ကျပ် အထိရှိပြီး ပထမအကြိမ် ကိုဗစ်ကာလဖြစ်ပွားသည့်ကာလအတွင်း အခြား သီးနှံစိုက်ပျိုးသည့် တောင်သူများထံမှ နိုင်ငံတော် အစိုးရအပါအဝင် ပြည်တွင်းအလှူရှင်များမှ ၎င်းတို့သီးနှံများဝယ်ယူကာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ လှူဒါန်းပေး သကဲ့သို့ လက်ရှိကူးစက်ရောဂါ ဒုတိယလှိုင်းကာလအတွင်း၌လည်း ယခင်ကဲ့သို့ ဝယ်ယူလှူဒါန်းမှုများ ပြုလုပ်ပေးစေလိုသည်ဟု ဒေသတွင်းရှိ ကြက်သွန်နီစိုက်တောင်သူများထံကသိရသည်။

အလားတူ ကမ္ဘာတစ်ဝှမ်းကူးစက်ပြန့်ပွားလျက်ရှိသည့် COVID-19 ရောဂါအား မြန်မာနိုင်ငံအတွင်း ကူးစက်ခံရသူ စတင် တွေ့ရှိပြီး ရှမ်းပြည်နယ်အတွင်း၌ ကူးစက်ခံရသူတွေ့ရှိချိန်၌ ဒေသတွင်းမှ ဂေါ်ဖီ၊ ခရမ်းချဉ်၊ အားလူးအစရှိသည့် စားသုံးကုန် သီးနှံများ စိုက်ပျိုးသည့်တောင်သူများအနေဖြင့် ဒေသတွင်းမှ စားသုံးသူများအပါအဝင် ပြည်တွင်းပြည်ပဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်ခြင်းမရှိသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ဒေသထွက်သီးနှံများကို ဝယ်ယူပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ အခြေခံလူတန်းစားအား ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်းသိရှိရသည်။

**Source:** https://www.facebook.com/kanbawzatai/.

## ပြည်ပမှ တရားမဝင်အဝယ်များရှိ၍ ပြည်တွင်းရွှေဈေး ကျဆင်းနိုင်ချေမရှိဟုဆို



ပြည်ပမှ တရားမဝင်အဝယ်များရှိသောကြောင့် ပြည်တွင်းရွှေဈေး ကျပ် ၁၃ သိန်းအောက် ကျဆင်းနိုင်ချေမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ ထိုသို့ ပြည်တွင်းရွှေဈေး ကျပ် ၁၃ သိန်းအောက် မကျဆင်းနိုင်ခြင်းမှာ ကမ္ဘာ့ရွှေပေါက်ဈေးနှင့် ပြည်တွင်းရွှေပေါက်ဈေးမှာ တစ်ကျပ်သားလျှင် ကျပ် တစ်သိန်းခွဲခန့် ကွာဟနေခြင်းနှင့် ပြည်ပမှတရားမဝင် အဝယ်များ ရှိနေသောကြောင့် ဖြစ်သည်ဟုဆိုသည်။ "အခုကမ္ဘာ့ပေါက်ဈေးနဲ့ ရန်ကုန်ပေါက်ဈေးနဲ့က တစ်ကျပ်သားကို တစ်သိန်းခွဲလောက် ကွာတယ်။ အရင်တုန်းက အိန္ဒိယဘက်က ကျွန်တော်တို့ဆီက ဝင်ဝယ်တယ်။အခုနောက်ပိုင်းကျတော့ ဘန်ကောက်ဘက်အခြမ်းကနေဝင်ပြီး ဝယ်တာတွေရှိတယ်။ ကိုယ့်ဆီက မဝယ်နိုင်ပေမယ့် ဘေးကနေ တရားမဝင်ဝယ်တာတွေက ဝင်လာတော့ ရွှေဈေးကတော့ မကျနိုင်တော့ဘူး။ မနှစ်ကတုန်းကတော့ တစ်နှစ်လုံး ၁၂ သိန်းနဲ့သွားတယ်၊ ဒီနှစ်ကတော့ ၁၃ သိန်းကအခြေခံ ကြမ်းခင်းဈေးတစ်ခုဖြစ်လိမ့်မယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင် များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ပြည်တွင်းအခေါက်ရွှေဈေး ကျပ် ၁၃ သိန်း အထက်တွင်ရှိနေကာ စက်တင်ဘာလ ၁၁ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၃၉ ဒေါ်လာရှိပြီး ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃၁၄၀၀၀ ရှိနေသည်။ ထိုသို့ ပြည်တွင်းရွှေဈေး ကျပ် ၁၃ သိန်း အထက်တွင် ရှိနေသော်လည်း ငွေကြေးဈေးကွက် အတွင်း ငွေလဲလှယ်နှုန်းမှာ ၁၄၀၀ ကျပ် အောက်သာ ရောက်ရှိနေပြီး စက်တင်ဘာလ ၁၁ ရက်တွင် ငွေလဲနှုန်းတစ်ဒေါ်လာလျှင် ၁၃၄၃ ကျပ်သာရှိသည်။ ယခုနှစ်အတွင်း ကမ္ဘာ့ရွှေဈေးစံချိန်တင်မြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးသည်လည်း စံချိန်သစ်များ ထပ်မံ ဖြစ်ပေါ်လျှက်ရှိရာ ဩဂုတ်လ ၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၃၃၂၅၀၀ အထိ ရှိခဲ့ကြောင်း ရွှေဈေးကွက် အတွင်းမှသိရသည်။

**Source:** https://www.facebook.com/fifthwavenews/posts/747701182627275?__tn__=K-R

## ယခုနှစ်အထွက်နှုန်းနည်းပါးသည့် ခရမ်းချဉ်သီးဈေးနှုန်း ၁၀ စုနှစ်တစ်စုအတွင်း အမြင့်ဆုံးဈေးရောက်



ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းဒေသများမှ ပေါ်ဦးပေါ်ဖျားစတင်ထွက်ရှိလာသည့် ခရမ်းချဉ်သီးဈေးနှုန်းများ အထွက်နှုန်းနည်းပါးသဖြင့် ၁၀ စုနှစ်တစ်စုအတွင်းမဖြစ်ပေါ်ခဲ့သည့် အမြင့်ဆုံးဈေးသို့ ရောက်ရှိနေကြောင်း ပြင်ဦးလွင်မြို့နယ်မှ ခရမ်းချဉ်သီးစိုက်တောင်သူ ဦးဝင်းထွန်းက ပြောကြားသည်။ ယခုရက်ပိုင်းအတွင်းထွက်ရှိလာသည့် ခရမ်းချဉ်သီးများအား မန္တလေးမြို့ရှိ ဒိုင်များမှ အကောင်းဆုံး(ထိပ်စ) တစ်ပိဿာလျှင် ကျပ် ၁၆၀၀ မှ ကျပ် ၁၇၀၀ နှုန်းဖြင့်လည်းကောင်း၊ အညံ့ဆုံးအသီးတစ်ပိဿာလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် လည်းကောင်း အဖွင့်ဈေးကောင်းဖြင့် ဝယ်ယူလျက်ရှိကြောင်းသိရသည်။

"ခရမ်းချဉ်သီးက လက်ရှိကာလမှာ တောင်ပေါ်သီးလို့ခေါ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေကပဲ စပြီးထွက်လာတဲ့အပြင် ပြီးခဲ့တဲ့ရက်ပိုင်းတွေက မိုးခေါင်တဲ့အတွက် အသီးအထွက်နှုန်းလည်းနည်းသလို ကိုဗစ်-၁၉ ရောဂါကြောင့် တောင်သူတွေအနေနဲ့ စိုက်ပျိုးမှုကိုလျှော့ချ လိုက်တာလည်းပါတာပေ့ါ။ ဒါကြောင့် ဝယ်လိုအားနဲ့ ရောင်းလိုအား မမျှတဲ့အတွက် ဈေးကောင်းရကြတာပါ။ ကျွန်တော်တို့ ပြင်ဦးလွင်မှာလည်း စိုက်ထားတာ အခုမှ ၁၅ ရက်သားလောက်ပဲရှိသေးတယ်။ ဒီနှစ်ပေါက်ဈေးက တော့ ကျွန်တော်တို့ ခရမ်းချဉ်သီးစိုက်တောင်သူတွေအတွက် လွန်ခဲ့တဲ့နှစ်ပေါင်း လေးငါးဆယ်အတွင်းမှာ တစ်ခါမှ မဖြစ်ပေါ်ဖူးသေးတဲ့ အမြင့်ဆုံးဈေးပါပဲ။ ခရမ်းချဉ်သီးက အစောဆုံးဩဂုတ်လကုန်ပိုင်းလောက်မှာ စထွက်ပြီး နတ်တော်၊ ပြာသိုမှာ လှိုင်လှိုင်ထွက်လေ့ရှိပါတယ်" ဟု ၎င်းကပြောကြားသည်။

မန္တလေးမြို့ရှိဈေးများတွင် ယခင်က လက်လီဈေးအဖြစ် ခရမ်းချဉ်သီး ၂၅ ကျပ်သားကို ငွေကျပ် ၃၀၀ နှုန်းသာ အမြင့်ဆုံး ရောင်းချခဲ့ရသော်လည်း ယခုရက်ပိုင်းတွင် အရည်အသွေးပေါ်မူတည်၍ ကျပ် ၅၀၀မှ ကျပ် ၆၅၀အထိမြင့်တက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ခရမ်းချဉ်သီးကို စိုက်ပျိုးသူများပြားလာသည့်အပြင် အထွက်နှုန်းလည်းကောင်းမွန်သည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းမှစ၍ ဈေးနှုန်းများ တရိပ်ရိပ်ကျဆင်းလာခဲ့ပြီး မတ်လဆန်းတွင် တစ်ပိဿာလျှင် လက်ကားဈေးနှုန်းအဖြစ် ကျပ် ၂၀၀ ခန့်အထိ ကျဆင်းသွားခဲ့ရာ ၎င်းအချိန်ကာလတွင် ဈေးများ၌ လက်လီဈေးအဖြစ် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ရောင်းချခဲ့ရကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု ဘဏ္ဍာနှစ် ၁၁ လအတွင်း ကန်ဒေါ်လာ ၃၃ ဒသမ ၅ ဘီလီယံကျော်ရှိ




ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၁ လအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်သော အချက်အလက်များအရသိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်ထိ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉ ဘီလီလံကျော်ရှိပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံကျော်ရှိကြောင်း သိရသည်။ "ကုန်သွယ်မှုက တိုးလာတယ်ဆိုတာက လက္ခဏာကတော့ ကောင်းတဲ့ လက္ခဏာလို့ဆိုချင်တာပေ့ါနော်။ သို့သော် သွင်းကုန်(Import) တွေက ပိုများတယ်လို့ပြောပါတယ်။ ကုန်သွယ်မှုက မမျှတတာလေးတွေတော့ရှိတာပေ့ါ။ ဒါကတော့ နိုင်ငံတိုင်းမှာ မမျှတတာတွေရှိပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကရှိနေတယ်ဆိုတာတော့ ကောင်းတဲ့လက္ခဏာပါ။ ရှေ့ဆက်ပြီး မူဝါဒအရရော ပုံစံအမျိုးမျိုးနဲ့ ထိန်းသွားဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာလည်း Supply Chain က မပြတ်ဖို့ပဲလိုပါတယ်။ ကုန်သွယ်မှုကလည်း မပြတ်ဖို့ပဲလိုပါတယ်။" မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ

အသင်းချုပ်(UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကဆိုသည်။ ထို့အတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၁ လအတွင်း ပြည်ပကုန်သွယ်မှုပမာဏသည် ပြီးခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်တိုးလာခဲ့ပြီး ပြီးခဲ့သောဘဏ္ဍာနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၉ ဘီလီယံကျော် ရှိခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် အဓိကပို့ကုန်များတွင် လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း ၊ သစ်တောထွက်ပစ္စည်း ၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားတို့ဖြစ်ကာ သွင်းကုန်များမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ၊ လူသုံးကုန်ပစ္စည်းများပါဝင်ကြောင်းသိရသည်။ နိုင်ငံ၏ ကုန်သွယ်မှုပမာဏ ၈၀ ရာခိုင်နှုန်းဝန်းကျင်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့်ပြုလုပ်ပြီး နယ်စပ်ကုန်သွယ်မှုကို အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဂိတ် ၁၇ ခုမှတစ်ဆင့် ပြုလုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29496-2020-09-14-05-16-35

## အိန္ဒိယနိုင်ငံ၌ ပြည်ပကုမ္ပဏီများ၏ မိုဘိုင်းဖုန်း ထုတ်လုပ်တင်ပို့မှုတိုးမြှင့်မည်

အိန္ဒိယနိုင်ငံ အီလက်ထရွန်းနစ်နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ၁.၄.၂၀၂၀ နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည့် အီလက်ထရွန်းနစ်ပစ္စည်းများ အကြီးစားအဆင့် ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ ချိတ်ဆက်အားပေးမှု (Production Linked Incentive - PLI) အစီအစဉ်အရ လုပ်ငန်းအဆိုပြုလွှာများ တင်သွင်းခဲ့ရာတွင် ပြည်ပကုမ္ပဏီများအား ၅ နှစ် တာကာလအတွင်း မိုဘိုင်းဖုန်းနှင့် အီလက်ထရွန်းနစ်ပစ္စည်းများ တန်ဖိုးဒေါ်လာ ၁၀၀ ဘီလီယံ အထိ ထုတ်လုပ်ခွင့်ပြုရန် အစိုးရ၏လုပ်ငန်းစိစစ်ခွင့်ပြုရေးကော်မတီက အတည်ပြုခဲ့ကြောင်းသိရှိရသည်။

PLI အစီအစဉ်သည် ၂၀၁၉ ခုနှစ်တွင်ချမှတ်ခဲ့သော အမျိုးသားအဆင့် အီလက်ထရွန်းနစ်ဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရာ၌ ပြည်တွင်းလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုမြှင့်တင်ရန်နှင့်တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ တံဆိပ်ရိုက်နှိပ်ခြင်းနှင့် ထုပ်ပိုးခြင်း (Assembly, Testing, Marking and Packaging (ATMP) units) တို့အပါအဝင် သီးခြားအီလက်ထရွန်းနစ် အစိတ် အပိုင်းများနှင့် မိုဘိုင်းဖုန်းများ ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ပိုမိုဖိတ်ခေါ်နိုင်ရန် ရည်ရွယ်လျက် အစပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းအစီအစဉ်တွင် ၂၀၁၉-၂၀ ခုနှစ်အား အခြေခံနှစ်အဖြစ်သတ်မှတ်ပြီး နှစ်အလိုက်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုပမာဏမြှင့်တင်မှုအပေါ်မူတည်၍ ၄% မှ ၆% အထိ နှစ်စဉ် တန်ဖိုးထပ်ဆောင်းတိုးမြှင့် ထုတ်လုပ်ရောင်းချခြင်းကို ၅ နှစ်ကာလအထိ ခွင့်ပြုခြင်းဖြစ်ပါသည်။

နိုင်ငံအတွင်း၌ လုပ်ငန်းမှတ်ပုံတင်ထားရှိပြီး အခြေခံနှစ်တွင် ကမ္ဘာတစ်ဝန်း၌ လုပ်ငန်း လည်ပတ်ဆောင်ရွက်မှုပမာဏ ရူပီးငွေ ၁၀၀ ဘီလီယံနှင့်အထက်ရှိသော ကုမ္ပဏီများအား ၁ လုံး လျှင် အမှာစာတန်ဖိုး ရူပီး ၁၅၀၀၀ (ဒေါ်လာ ၂၀၀ ခန့်) အထက်ရှိသော မိုဘိုင်းဖုန်းများထုတ်လုပ်မှု အပိုင်းတွင်လည်းကောင်း၊ လုပ်ငန်းလည်ပတ်မှု ရူပီးငွေ သန်း ၁၀၀၀ နှင့်အထက်ရှိသော ကုမ္ပဏီများအား ပြည်တွင်းလုပ်ငန်းရှင်များ၏ မိုဘိုင်းဖုန်းထုတ်လုပ်မှုအပိုင်း၌လည်းကောင်း၊ လုပ်ငန်းလည်ပတ်မှု ရူပီးငွေ သန်း ၅၀၀ အထက်ရှိသည့် ကုမ္ပဏီများအတွက် သီးခြားအီလက် ထရွန်းနစ်အစိတ်အပိုင်းများ ထုတ်လုပ်မှု၌လည်းကောင်း ဇူလိုင်လ ၃၁ ရက်နေ့အထိ အချိန် ၄ လအတွင်း လုပ်ငန်းအဆိုပြုလွှာတင်သွင်းရန် အိန္ဒိယသတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန က ၎င်း၏အမိန့်စာတွင်ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံရှိ Economic Times သတင်းဌာနက အစိုးရဌာနဆိုင်ရာ အဆင့်မြင့်အရာရှိ အချို့၏ပြောဆိုမှုအား ကိုးကားဖော်ပြရာတွင် PLI အစီအစဉ်၌ပါဝင်လုပ်ကိုင်ရန် ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်း ၂၂ ခုက အဆိုပြုလွှာများတင်သွင်းခဲ့ကြကြောင်း၊ အစိုးရ၏မူဝါဒရေးရာကောင်စီ၊ စက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန၊ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် လုပ်ငန်းစိစစ်ခွင့်ပြုရေးကော်မတီက မိုဘိုင်းဖုန်းထုတ်လုပ်မည့် ပြည်ပကုမ္ပဏီ ၅ ခု၊ ပြည်တွင်းကုမ္ပဏီ ၇ ခုနှင့် အီလက်ထရွန်းနစ် အစိတ်အပိုင်းများထုတ်လုပ်မည့် ပြည်တွင်း လုပ်ငန်း ၆ ခုတို့၏ လျှောက်လွှာများကို အတည်ပြုခဲ့ကြောင်း၊ အစိုးရဝန်ကြီးအဖွဲ့က ထပ်ဆင့် အတည်ပြုပြီးပါက Apple ကုမ္ပဏီသို့ မိုဘိုင်းဖုန်းပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပေးသွင်းလျက်ရှိသည့်

ပြည်ပကုမ္ပဏီ ၄ ခုနှင့် Samsung ကုမ္ပဏီတို့သည် ၅ နှစ် ကာလအတွင်း မိုဘိုင်းဖုန်း များအား တန်ဖိုးအားဖြင့် ရူပီးငွေ ၇.၃ ထရီလီယံ (ဒေါ်လာ ၁၀၀ ဘီလီယံခန့်) အထိ ထုတ်လုပ်တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း၊ Apple ကုမ္ပဏီနှင့် ကန်ထရိုက်ချုပ်ဆိုထားသည့် ကုမ္ပဏီများဖြစ်သည့် Foxconn နှင့် Wistron တို့သည် အစိုးရက PLI အစီအစဉ်အား ထုတ်ပြန်ကြေညာခဲ့ပြီး နောက် ဧပြီလကတည်းကပင် အိန္ဒိယနိုင်ငံ၌ iPhone 11 နှင့် iPhone SE လက်ကိုင်ဖုန်းများ ထုတ်လုပ်မှုကို စတင်လုပ်ကိုင်ခဲ့ကြကြောင်း၊ Apple ကုမ္ပဏီသို့ မိုဘိုင်းဖုန်းပစ္စည်း ထုတ်လုပ်ပေး သွင်းသည့် ဒုတိယအကြီးဆုံး ကုမ္ပဏီဖြစ်သော Pegatron သည် ဥတ္တရပရာဒေ့ရှ်၊ အန္တရာပရာဒေ့ရှ်၊ တမီနာဒူနှင့် ကာနာတကာ ပြည်နယ်တို့တွင် စက်ရုံများတည်ထောင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံ၌ တပ်ဆင်ထုတ်လုပ်သည့် မိုဘိုင်းဖုန်းများအား ဒေါ်လာ ၂.၅ ဘီလီယံ တန်ဖိုးအထိ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသော Samsung ကုမ္ပဏီသည်လည်း လာမည့် ၅ နှစ်တာ ကာလအတွင်း ဒေါ်လာ ၅၀ ဘီလီယံ တန်ဖိုးအထိ တိုးမြှင့် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ၎င်းပမာဏအနက် ၈၀% ခန့်သည် ၁ လုံး လျှင် အမှာစာတန်ဖိုး ဒေါ်လာ ၂၀၀ အထက်ရှိသော လက်ကိုင်ဖုန်းများ ထုတ်လုပ်ရန်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် Samsung ကုမ္ပဏီ၏ အိန္ဒိယပြည်တွင်းမှ ထုတ်လုပ်တင်ပို့သည့် မိုဘိုင်းဖုန်းများ၏ ၉၇% သည် ဒေါ်လာ ၂၀၀ အောက် ကုန်ပစ္စည်းများဖြစ်ပြီး နောက်ပိုင်းကာလများ၌ လျော့ချသွားဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းရှိ ဒေသခံကုမ္ပဏီများသည် ရူပီးငွေ ၁၅၀၀၀ အောက်တန်ဖိုးရှိသော မိုဘိုင်းဖုန်းများထုတ်လုပ်မှုနယ်ပယ်သို့ ပိုမိုဝင်ရောက်နိုင်ပြီး ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအား ကမ္ဘာလုံးဆိုင်ရာ အီလက်ထရွန်းနစ် ဒီဇိုင်းစနစ်နှင့်ကုန်ထုတ်လုပ်မှုဗဟိုဌာန ဖြစ်လာစေရန် မျှော်မှန်းချက်ထားရှိရာတွင် အိန္ဒိယအစိုးရ၏ Production Linked Incentive – PLI အစီအစဉ်သည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးတင်းမာမှုဖြစ်ပေါ်နေသည့် တရုတ်နိုင်ငံရှိ ၎င်းတို့၏လုပ်ငန်းများအား အခြားဒေသများသို့ပြောင်းရွှေ့ရန် စဉ်းစားလျက်ရှိသော ကုမ္ပဏီများနှင့်ဗီယက်နမ်နိုင်ငံကဲ့သို့ လုပ်ငန်းယှဉ်ပြိုင်ဖက်နိုင်ငံများရှိ ကုန်ထုတ်လုပ်ငန်းများအား အိန္ဒိယသို့ ပြောင်းရွှေ့ ရင်းနှီးမြှုပ်နှံလာစေရန် ဆွဲဆောင်လုပ်ကိုင်မှုတစ်ရပ်အဖြစ် လေ့လာတွေ့ရှိရပါသည်။

Source: 1. Govt panel clears $100–billion mobile export proposals from global manufacturers, 7 Sept 2020, Economic Times

2. Production Linked Incentive Scheme (PLI) for Large Scale Electronics Manufacturing, Notification dated 1st April 2020 of Ministry of Electronics and Information Technology of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဂျပန်အစိုးရ၏ မူဝါဒချမှတ် ဆောင်ရွက်ချက်များ

ဂျပန်အစိုးရသည် ကိုရိုနာဗိုင်းရပ်ကပ်ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ မကြာခဏ ရင်ဆိုင်ကြုံတွေ့ရမြဲဖြစ်သည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေး အစီအမံများကို ပြိုင်တူအကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံသားတို့၏အသက်ဘဝများ၊ အလုပ်အကိုင်များနှင့်စီးပွားရေးလုပ်ငန်းများထိခိုက်မှုမှ သက်သာလျော့ပါးစေရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဂျပန်အစိုးရက အဆင့်အတန်း မြင့်မားသည့် နိုင်ငံစီးပွားရေးကို ပုံဖော်ရန်၊ ကိုရိုနာကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်ကာလအတွင်း ပြည်သူပြည်သားများအားလုံး လူနေမှုပုံစံအသစ် (new normal) ကို လက်ခံကျင့်သုံးခြင်းဖြင့် ကပ်ရောဂါသက်ရောက်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ရည်ရွယ်ကာ "Basic Policies for Economic and Fiscal Management and Reform 2020 " ကိုချမှတ်ကာ အကောင်အထည်ဖော်နေပါသည်။

ထို့အပြင် ဂျပန်အစိုးရသည် "Emergency Economic Measures to cope with the Novel Coronavirus" ဆက်လက်အကောင်အထည်ဖော်ရန် ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ထပ် ဆောင်းဘတ်ဂျက်တွင် ထည့်သွင်းလျာထားခဲ့ပြီး ပြည်တွင်းနှင့်ပြည်ပတွင် ကိုရိုနာကပ် ရောဂါပြန့်ပွားမှုအခြေနေများ၊ ပြည်တွင်းနှင့်ပြည်ပနိုင်ငံများ၏ စီးပွားရေးအလားအလာများ၊ နိုင်ငံသားတို့အပေါ် အကျိုးသက်ရောက်မှုများ စသည်တို့ကို စနစ်တကျ ချင့်ချိန်သုံးသပ်၍ နှောင့်နှေးမှုမရှိစေရန် ကြိုးပမ်းနေပါသည်။ ပြီးခဲ့သည့် ၂၀၂၀

ပြည့်နှစ်၊ ဇူလိုင်လ၊ နောက်ဆုံး အပတ်အတွင်းကြုံတွေ့ခဲ့ရသည့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများကြောင့် အစိုးရက "Policy Package towards the Rebuilding of Daily Lives and Livelihoods of the Disaster Victim" ဟူသည့်အမည်ရသည့် ဆောင်ရွက်ချက်များကို အလျင်အမြန် ပြောင်းလဲအကောင်အထည်ဖော်ခဲ့ရပါသည်။

ဂျပန်ဗဟိုဘဏ်အနေဖြင့်လည်းငွေကြေးဈေးကွက်လည်ပတ်မှု၊ တည်ငြိမ်မှု၊ ခိုင်မာ သေချာမှုရှိစေရန် ဘဏ္ဍာရေးကဏ္ဍမှ ပံ့ပိုးမှုများအင်တိုက်အားတိုက်ဆောင်ရွက်နေပါသည်။ အစိုးရကလည်း ဂျပန်ဗဟိုဘဏ်အနေဖြင့် နိုင်ငံအတွင်းဈေးနှုန်းတည်ငြိမ်မှု၊ စီးပွားရေးဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးအခြေအနေများ အဆင်ပြေချောမွေ့လာစေရေး ရည်မှန်းချက်ကို အောင်မြင်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရန် မျှော်လင့်ထားပါသည်။

Source: **စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## စင်ကာပူလေကြောင်းလိုင်း (SIA) က ဝန်ထမ်းအင်အား ၄,၃၀၀ ခန့်ကို လျှော့ချမည်

ကိုဗစ် ၁၉ ၏ ဆိုးရွားသည့်သက်ရောက်မှုများကြောင့် လေကြောင်းလုပ်ငန်းများ၏ ပြန်လည်နာလန်ထူနိုင်မှု အခြေအနေမှာ မျှော်မှန်းထားသည်ထက် နှေးကွေးနေသဖြင့် စင်ကာပူလေကြောင်းလိုင်းလုပ်ငန်းအုပ်စု (SIA Group) သည် ၎င်း၏ ဝန်ထမ်း ၄,၃၀၀ ခန့်ကို လျှော့ချ သွားရမည်ဖြစ်ကြောင်း ၁၀- ၉- ၂၀၂၀ ရက်နေ့တွင် ပြောကြားပါသည်။

ထိုသို့လျှော့ချမည့်ဝန်ထမ်းဦးရေ ၄,၃၀၀ တွင် အလုပ်အကိုင်ငှားရမ်းခန့်ထားမှုရပ်ဆိုင်းထားခြင်း၊ ဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခြင်း စသည့် အစီအစဉ်များနှင့် အကျုံးဝင်သည့်ဦးရေမှာ ၁,၉၀၀ ဦးရှိမည်ဖြစ်၍ စင်ကာပူနှင့်ပြည်ပနိုင်ငံများရှိ SIA လေကြောင်းလိုင်းဝန်ထမ်း ၂,၄၀၀ ခန့်သာ ထိခိုက်မည်ဖြစ်ကြောင်း၊ အများစုမှာ နိုင်ငံခြားသားဝန်ထမ်းများဖြစ်ပါကြောင်း၊ ယခင် ဘဏ္ဍာရေးနှစ်ကုန်၌ SIA Group တွင်ပါဝင်သော SIA ၊ SilkAir နှင့် Scoot တို့၏ ဝန်ထမ်းဦးရေမှာ ၂၇,၀၀၀ ကျော် ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လတွင်ကုန်ဆုံးမည့် ဘဏ္ဍာနှစ်ကုန်တွင် SIA Group ၏ ခရီးစဉ်ပျံသန်းနိုင်မှုမှာ ၅၀ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်မည်ဟုခန့်မှန်းထားကြောင်း၊ လက်ရှိအခြေအနေမှာ ပုံမှန်ခရီးစဉ်ပျံသန်းမှု၏ ၈ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ကြောင်း၊ အခြားလေကြောင်းလိုင်းများနှင့်မတူသည့်အချက်မှာ မိမိတို့တွင် ပြည်တွင်းဈေးကွက်မရှိသည့်အတွက် ပို၍ အားနည်းချက်ရှိကြောင်း၊ ဤသို့သော မရေရာမှုကာလတွင် လုပ်ငန်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် အရွယ်အစားပိုမိုသေးငယ်သောလေယာဉ်များကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း SIA Group ကပြောကြားပါသည်။

စင်ကာပူသည် နိုင်ငံအချို့နှင့်စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ အပြန်အလှန်ခရီးသွားလာခွင့်ကို ဖြေလျှော့ပေးလာပြီ ဖြစ်သော်လည်း ရောဂါမဖြစ်ပွားမီကာလနှင့်နှိုင်းယှဉ်ပါက ခရီးစဉ်ပျံသန်းနိုင်မှုအခြေအနေမှာ လွန်စွာကွာဟနေသေးကြောင်း၊ လေကြောင်းခရီးသွားလာမှုသည် ၂၀၂၄ ခုနှစ် မတိုင်မီအထိ ယခင်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ဦးမည်မဟုတ်ကြောင်း ကိုလည်း နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်းက သုံးသပ်ထားကြောင်း၊ ယခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် (၃)လပတ်တွင် SIA သည် အသားတင်အရှုံး စင်ကာပူဒေါ်လာ ၁.၁၂ ဘီလီယံဖြစ်ပေါ်ခဲ့သဖြင့် ၎င်း၏အဆိုးရွားဆုံး အရှုံးပေါ်သည့်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြထားပါသည်။

Source: The Straits Times/ The Business Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## STOCK EXCHANGE (14.9.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 10,000 | 10,000 | 9,900 | 852 | 8,435,800 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | -50 | -1.33% | 3,700 | 3,750 | 3,700 | 2,315 | 8,566,250 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,500 | 22,500 | 22,000 | 226 | 4,972,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,800 | 2,800 | 2,750 | 56 | 156,500 | 12,823,224 | 35,264 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 0 | 0 | 19,977,223 | 61,929 |

### Market summary

As of 14th Sep. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.99 | -1.30 | -0.30% | 438.07 | 438.07 | 434.99 | 3,449 | 22,131,050 | 6 | 647,240 |

**Index chart**




## Market Overview

As of 1:00 pm, 14th Sep. 2020

| MYANPIX | 434.99 ▼ 1.30 |
|---|---|
| Total Volume (shares) | 3,449 |
| Total Value (MMK) | 22 mil |
| Listed Company | 6 |
| Market Cap. (MMK) | 647,240 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,700 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 0 |